လူးကျွန်း၊ ချောင်းဆုံမြို့၊ ရွာလွတ်ရွာ
စိန်မြတောင်ကျောင်းတိုက်

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

အရှင်ဂန္ဓမာ

စီကုံးရေးသားအပ်သော

(အခြေခံ)

# ဝိပဿနာအလင်းပြကျမ်း

သံဝေဂ ကဗျာလင်္ကာများပါဝင်သည်။

ဘီလူးကျွန်း၊ ချောင်းဆုံမြို့၊ ရွာလွတ်ရွာ

စိန်မြတောင်ကျောင်းတိုက်

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

အရှင်ဂန္ဓမာ

စီကုံးရေးသားအပ်သော

(အခြေခံ)

# ဝိပဿနာအလင်းပြကျမ်း

သံဝေဂ ကဗျာလင်္ကာများပါဝင်သည်။

ထုတ်ဝေသူ .... ဦးအုန်းဖေ
ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၃၉၅၂)၊
ဘာသာရေးဆိုင်ရာ ကင်းလွတ်ခွင့်
အမှတ် (၀၁၁၉၁)၊
ခြံအမှတ်-၈၁၊ ရန်ကုန်-အင်းစိန်လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ .... ဦးအုန်းစိန်၊ မှတ်ပုံတင် အမှတ် (၀၇၀၈)၊
အောင်မိတ်ဆက်စာပုံနှိပ်တိုက်၊
အမှတ် - ၅၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်ပြီး နေ့စွဲ (၁၆-၅-၇၀)

စာအုပ်ဦးရေ (၄၀၀၀)

# စိန်မြတောင်ကျောင်း ဒါယကာများ
# တောင်းပန်ချက်

ဆရာသခင် အရှင်မြတ်ဘုရားထံသို့
ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့ စိန်မြတောင် ဒါယကာများသည် အိမ်ယာတည်ထောင် လူတို့ဘောင်ဝယ် ကိစ္စများမြောင်သည့် အလျောက် ပရိယတ္တိဒေသနာတော်၌ မကျွမ်းကျင် မလိမ်မာကြပါဘုရား။

သို့ပါ၍ တရားအားထုတ်ရာတွင် သုတမယဉာဏ် စိန္တာမယဉာဏ် ထက်သန်ဘို့အရေး ဝိပဿနာနည်းကောင်းတခု အကျဉ်းပြု၍ မှတ်သားလွယ်ကူရန် ရေးသားပေးပါမည့်အကြောင်း ရှိသေစွာ တောင်းပန်အပ်ပါသည်ဘုရား။

သို့မှသာလျှင် ဝိပဿနာတရား အားထုတ်ရာ၌ တိကျ မှန်ကန်စွာ အာရုံမပြား ရှုမှတ်ပွားများနိုင်ကြပြီး ဘာဝနာမယဉာဏ် ထက်သန်လာနိုင်လိမ့်မည်ဟု မြော်လင့်ကြပါသဖြင့် မေတ္တာရှေ့ထား ကရုဏာပွား၍ စီစဉ်ရေးသား ပေးသနားပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်ဘုရား။

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းဦးပဏာမ | ၁ |
| ၂။ | ဆွမ်း ရေချမ်း ဆီမီး ပန်းတော်ကပ်လှူရန် | ၂ |
| ၃။ | အကြောင်းပြနိဒါန်း | ၄ |
| ၄။ | တောင့်တချက် အာသီသစကား | ၅ |
| ၅။ | ရှေးဦးပြုရန် ပရိကမ် ၇-ချက် ကဗျာပါဠိမြန်မာ | ၇ |
| ၆။ | အခြေခံသမထတရား အကျဉ်း | ၁၂ |
| ၇။ | ဝိပဿနာ ကမ္မဋ္ဌာန်းထိုင်နည်း | ၁၆ |
| ၈။ | နိဗ္ဗာန်သွားရန်ခရီးမှန် | ၁၇ |
| ၉။ | ဝိပဿနာဟူသည် | ၁၈ |
| ၁၀။ | ကိုယ်တွေ့ဉာဏ်မြင် အဇ္ဈတ္တ ဘူတရုပ်ရှုနည်း | ၂၆ |
| ၁၁။ | လယ်တီဆရာတော်၏ ရစနာဂါထာ | ၃၆ |
| ၁၂။ | ကိုယ်ပိုင်အလုပ် လင်္ကာ ၇-ပုဒ် | ၃၇ |
| ၁၃။ | အဇ္ဈတ္တဘူတရုပ်ရှုရန် ကဗျာများ | ၃၈ |
| ၁၄။ | ဉာဏ်စဉ် ၁၆-ပါး မှတ်သားရန်ကဗျာ | ၄၇ |
| ၁၅။ | အသက်ထက်ဆုံး နှလုံးသွင်းရန်လင်္ကာ | ၅၀ |
| ၁၆။ | စတုဓါတုဝ ဝတ္တာန် ကမ္မဋ္ဌာန်းလင်္ကာ | ၅၁ |
| ၁၇။ | သူမြတ်၏ဉာဏ် ရုပ်နာမ်အမှန်သိ | ၅၂ |
| ၁၈။ | ရုပ်နာမ်နှစ်ဖြာ ခွဲလင်္ကာနှင့် ကဗျာ | ၅၃ |
| ၁၉။ | သံသရာမြင် ထိပ်စရာပင် သံဝေဂလင်္ကာ | ၅၅ |
| ၂၀။ | ဆုတောင်းပတ္တနာလင်္ကာ | ၆၅ |



# ဝိပဿနာအလင်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းဦး ပဏာမ

ဘဂဝါ အဂ္ဂမဂ္ဂေန၊ ပဌမာရေ အသေသတော၊
ဘဉ္ဇိတွာန သိခါပတ္တော၊ သပလ္လင်္ကံ နမာမိတံ။ ။

ယောဘဂဝါ၊ မြေမိုးအလုံး၊ စွေဖြိုးချုန်းသည့်၊ ရွှေဘုန်း
တော်သခင်၊ အကြွင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊
လ္လင်္ကော်၊ ဗောဓိပင်ရင်း၊ မြက်ဖြန့်ခင်း၍၊ ထင်လင်းပေါ်လာ၊
လ္လင်ရတနာထက်၌၊ နိသီဒိတွာ၊ ဗောဓိပင်ကို၊ ကပ်ယှဉ်မှီ၍
ကံပမာ၊ ကောင်းစွာအားယူ၊ နေထိုင်တော်မူ၍၊ ပဌမာရေး
ဒဝပုတ္တကိလေသနှင့်၊ ခန္ဓပဉ္စ၊ သင်္ခါရဟု၊ ငါးခုလုံးစုံ၊ မာရ်သူ
န်တို့ကို၊ အဂ္ဂမဂ္ဂေန၊ တချက်ခုတ်က၊ ဇက်ပြုတ်ကျ၍၊ မအောင်
အောင်၊ စွမ်းဆောင်ထက်မြက်၊ အရဟတ္တမဂ်ဖြင့်၊ အသေသ
တော၊ မကျန်အကုန်၊ ဥဿုံပြဲပြဲ၊ အကြွင်းမဲ့အားဖြင့်၊ ဘဉ္ဇိတွာ
န၊ အဆိုးအယုတ်၊ အမျိုးပြုတ်အောင်၊ ချိုးခုတ်ဖျက်ဆီးတော်မူ

၍၊ သိခါပက္ကော၊ ဒီပင်္ကရာ၊ မည်တွင်သာသည့်၊ မြတ်စွာထံပါး၊ အစထား၍၊ ဘုရားဖြစ်မှု၊ ရည်သန်ပြုသည်၊ အောင်ဆုမင်္ဂလာ၊ ပတ္တနာသည်၊ ကောင်းစွာပြီးမြောက်၊ ခရီးပေါက်၍၊ အထွဋ်အထိပ်သို့ ရောက်တော်မူလေပြီ၊ သာလ္လင်္ကံ၊ တဆဲ့လေးထောင်၊ အမြင့်ဆောင်သည့်၊ ထိန်ခြောင်ဝင်းလျှပ်၊ ရတနာပလ္လင်တော်မြတ်နှင့်တကွသော၊ တံဘဂဝန္တံ၊ ထိုပလ္လင်တော်ထက်၊ ငြိမ်သက်စံပျော်၊ နှုန်းမမျှော်သည့်၊ ဘုန်းဘော်သခင်၊ ဘုရားရှင်ကို၊ အဟံ၊ ခန္ဓာနာမ်ရုပ်၊ သမုတ်မှည့်ခေါ်၊ တဖည့်တော်သည်၊ နမာမိ၊ စိန်ခိုင်ပန်းခက်၊ ဆယ်ချောင်းလက်ဖြင့်၊ ထိပ်ထက်မှာဘင်၊ ကြည်လင်မြတ်နိုး၊ ဦးနှိမ်ချိုး၍၊ ရှိခိုးကန်တော့ပါ၏၊ အရှင်မြတ်ဘုရား။ ။

## ဆွမ်းတော်မြတ် ကပ်လှူပူဇော်ရန်

သုဘံအာယွာဒိဝဍ္ဎကံ၊ အန္နံ ပူဇေမိ သာဒရံ။

**အနက်။** ။ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ သုဘံ၊ တင့်တယ်ဘွယ်ရာ ကောင်းမြတ်စွာထသော၊ အာယွာဒိဝဍ္ဎကံ၊ အသက်ရှင်ခြင်းစသော အကျိုးကို ပွားတိုးစေတတ်ထသော၊ တေံအန္နံ၊ ဤဆွမ်းခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာအဖြာဖြာကို၊ ဘဂဝတော၊ ဤယခုရွှေတွင်ဖူးမြင်ရသော ရုပ်ပုံတော်အသွင်ဘုရားရှင်အား၊ အဟံ၊ ခန္ဓာနာမ်ရုပ် သမုတ်မှည့်ခေါ် ဘုရားတပည့်တော်(မ)သည်၊ သာဒရံ၊ လက်အုပ်အဥ္စလီ တင်ချီညွတ်ခအလွန်ရိုသေလှစွာ၊ ပူဇေမိ၊ ညွတ်တွားကော်ရော်၊ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## ရေချမ်းတော်မြတ်ကပ်လှူပူဇော်ရန်

ဥဒကံ သုဒ္ဓသီတလံ၊ သုဘံ ပူဇေမိ သာဒရံ။

**အနက်။** ။ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ သုဘံ၊ တင့်တယ်ဘွယ်ရာကောင်းမြတ်စွာထသော၊ သုဒ္ဓသီတလံ၊ သန့်ရှင်းကြည်လင်နတ်ရေစင်ပမာမြေမြတ်စွာထသော။ တော်ဥဒကံ၊ ဤသောက်တော်ရေချမ်း သုံးဆောင်တော် ရေချမ်းကို။ ဘဂဝ တော၊ ဤယခုရွှေတွင်၊ ဖူးမြင်ရသော ရုပ်ပုံတော်အသွင် ဘုရားရှင်အား၊ အဟံ၊ ခန္ဓာနာမ်ရုပ် သမုတ်မှည့်ခေါ် ဘုရားတပည့်တော်သည်၊ သာဒရံ၊ လက်အုပ်အဉ္ဇလီတင်ချီညွတ်ခ အလွန်ရိုသေလှစွာ၊ ပူဇေမိ၊ ညွတ်တွားကော်ရော်ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## ဆီးမီးတော်မြတ်ကပ်လှူပူဇော်ရန်

ဒီပံ တမောဝိနောဒနံ၊ သုဘံ ပူဇေမိ သာဒရံ။

**အနက်။** ။ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ သုဘံ၊ တင့်တယ်ဘွယ်ရာကောင်းမြတ်စွာထသော၊ တမောဝိနောဒနံ၊ မိုက်မှောင်ပယ်ရှင်း၊ ထွန်းလင်းတောက်ပစေနိုင်ထသော၊ တော်ဒီပံ၊ ဝင်းပြောင်ထိန်ငြီး၊ ဤအလင်းရောင်ဆီမီးတော်မြတ်ကို၊ ဘဂဝတော၊ ဤယခုရွှေတွင် ဖူးမြင်ရသော ရုပ်ပုံတော်အသွင် ဘုရားရှင်အား၊ အဟံ၊ ခန္ဓာနာမ်ရုပ် သမုတ်မှည့်ခေါ် ဘုရားတပည့်တော်(မ)သည်၊ သာဒရံ၊ လက်အုပ်အဉ္ဇလီ တင်ချီညွတ်ခ အလွန်ရိုသေလှစွာ၊ ပူဇေမိ၊ ညွတ်တွားကော်ရော်ကပ်လှူပူဇော်ပါ၏အရှင်ဘုရား။

# ပန်းတော်မြတ် ကပ်လှူပူဇော်ရန်

ပုပ္ဖံ သုဝဏ္ဏဂန္ဓိတံ၊ သုဘံ ပူဇေမိ သာဒရံ။

အနက်။ ။ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ သုဘံ၊ တင့်တယ်ဘွယ်ရာကောင်းမြတ်စွာထသော၊ သုဝဏ္ဏဂန္ဓိတံ၊ ကောင်းမြတ်သောအဆင်း ကြိုင်သင်း လှိုင်ထုံ ရနံ့နှင့် ပြည့်ထသော၊ ဧတံပုပ္ဖံ၊ ရောင်ဆင်းဘင့်အပ် ဤပန်းတော်မြတ်ကို၊ ဘဂဝတော၊ ဤယခုရှေ့တွင် ဖူးမြင်ရသော ရုပ်ပုံတော်အသွင် ဘုရားရှင်အား၊ အဟံ၊ ခန္ဓာနာမ်ရုပ်သမုတ်မှည့်ခေါ်ဘုရားတပည့်တော်(မ)သည်၊ သာဒရံ၊ လက်အုပ်အဥ္စလီတင်ချီညွှက်ခ၊ အလွန်ရိုသေလှစွာ၊ ပူဇေမိ၊ ညွတ်တွားကော်ရော် ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## အကြောင်းပြန်တမ်း

လောကမှန်ကူ သယမ္ဘူအစစ် ဖြစ်ကြီးဖြစ်တော်မူသော ရဟန်းတို့၏ ဥက္ကဋ္ဌ၊ လူနတ်တို့၏သခင် သဗ္ဗညုဘုရားရှင်သည်၊ ဝေနေယျသတ္တဝါအများတို့ကို သားတော်ရာဟုလာနှင့်မခြား၊ အလွန်ပင်သနားကရုဏာ ရှိတော်မူလှပါသဖြင့် ၄၅-ဝါကာလကြာအောင် ဟောဆောင်နှုန်းပြ ဆိုဆုံးမခဲ့သော တရားတော်သည်ကား သုတ္တန် ဝိနယ အဘိဓမ္မာ ကျမ်းသုံးမျိုးတို့ဖြစ်ပေသည်။

ထိုကျမ်းခမ္မက္ခန်တို့၌ ပရိယတ္တိဥာဏ်၊ ပဋိပတ္တိဥာဏ်၊ နှစ်တန်တတ်မြောက် တဘက်ကမ်းသို့ ရောက်တော်မူသော လယ်တီ

ဆရာတော်ဘုရားကြီး၏၊ ဒီပနီအစောင်စောင်နှင့်တကွ ဝိပဿနာကျမ်းပြုဆရာတော်ကြီးများ၏ နည်းပေါင်းများစွာကို အမှီပြုလျက် ဘုရားဟောဒေသနာတော်နှင့်အညီ ခန္ဓာကိုယ်တွင်း အဇ္ဈတ္တ ဘူတရုပ်ရှုနည်းဖြင့် ပဓာနပြုပြီး ဤကျမ်းငယ်ကို စီရင်ရေးသားပေလတ္တံ့။

ဤကျမ်းငယ်သည် ဝိပဿနာ တရား စိတ်ဝင်စားကြသည့် ဉာဏ်ဝယ်ပျိုမြစ် စိန်မြတောင် ယောဂီသစ်များတို့၏ တောင်းပန်သမှု အာရုံပြု၍၊ ကလျာဏ ပုထုဇဉ်အပေါင်းတို့ ဆောင်ယူလွယ်ကူအသိဉာဏ်ထူးရောက်ဘို့ရန် ရည်သန်စိတ်ရင်း ဓေတ္တာရှေ့သွင်းပြီး စီရင်ရပေကြောင်း။

တရားအားထုတ်ကြသော ယောဂီသူတော်စင်အများ အယူအဆ အသိဉာဏ်လင်းစေဘို့ ရည်ရွယ်ရင်း ရှိလေသောကြောင့် ဤကျမ်းကို **ဝိပဿနာရှုနည်းအကျဉ်း "အလင်းပြကျမ်း"** ဟု အမည်တပ်ထားရခြင်းဖြစ်ပေသည်။

ယောဂီစိတ်ရင်း၊ ဉာဏ်သန့်ရှင်း၊ အလင်းပြသည့်ကျမ်း။
ရုပ်နာမ်ဉာဏ်မြင်၊ ထိုသူပင်၊ ပါယ်ခွင်လွတ်မည့်လမ်း။

## တောင့်တချက် အာသီသစကား

သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏၊ သိမ်မွေ့နက်နဲသော တရားတော်သည်၊ သပ္ပုရိသ သန္တာနေ၊ သူတော်ကောင်းတို့၏ စိတ်အစဉ်သန္တာန်၌၊ သဒါ၊ အခါခပ်သိမ်း၊ ဖိတံ၊ ပွင့်ပွင့် လင်းလင်း၊ တိဋ္ဌတု၊ တည်ပါစေသတည်း။

ဘုရားရှင်၏ အဆုံးအမတော်ကို သာသနာဟုခေါ်သည်၊ ထို သာသနာ၌ စွန့်အပ်သည်ကိုစွန့်ခြင်း ဒါနတရား။ ရှောင်ကြဉ်အပ် သည်ကို ရှောင်ကြဉ်ခြင်း သီလတရား။ ကျင့်အပ်သည်ကို ဖြည့် ကျင့်ခြင်း ဘာဝနာတရား ဟူ၍ အကျဉ်းအားဖြင့် သုံးမျိုးရှိပေ သည်၊ ထိုတရား သုံး မျိုး ကို မျက်ခြေမပြတ်စေဘဲ၊ ပြုလုပ်အား ထုတ်နေမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန် ကေန်ရနိုင်ပေမည်။ သို့ကြောင့် စွန့်သင့်သည်ကိုစွန့်ခြင်း၊ ရှောင်အပ်သည်ကို ရှောင်ကြဉ်ခြင်း၊ ကျင့်အပ်သည်ကို ပွားများနှလုံးသွင်း ဖြည့်ကျင့်ခြင်းဟူ သော ဘုရား၏ အဆုံးအမတော်သည် တည်ပါစေသတည်းဟု တောင့် တရခြင်းဖြစ်ပေသည်။

ဝိပဿနာ နည်း နယ ဓမ္မ အ ပြားများ လှ ပါသော်လည် "ဒကောဓမ္မော" ရှင်စော‌မြတ်လှ မိန့်ဟစကားတော်နှင့် အညီ၊ နည်းကောင်းလမ်းမှန်တခု လက်ကိုင်ပြုလျက်အစဉ်ရှုမှတ်၊ ဘဝင် ကပ်အောင် သတိချပ်ပြီး လုံ့လမယုတ် အားထုတ်နေခဲ့ပါလျှင် နယများမြောင် နည်းအပေါင်းတို့ကိုလည်း သဘောသိမြင်ဉာဏ် စဉ်ပေါက်၍၊ သဒ္ဓါဟုန်တောက်သဖြင့်၊ မဂ်ရောက်ဖိုလ်ဝင်နိဗ္ဗာန် မြင်နိုင်ကြောင်း ဝိပဿနာအလုပ်ကောင်း၊ ထူးမြတ်သောတရား ကို နေ့စဉ်မယုတ်၊ အချိန်ပိုင်းခြား၍၊ အားထုတ် နိုင်ပါစေဟု၊ မေတ္တာထုဖြင့် အာသီသစကား ဝမ်းမြောက်စွာ ရေးသားရပေ သည်။

စွန့်မှု ရှောင်မှု၊ နှစ်ခုပ၊ အားရမနေကောင်း။
ကျင့်မှုကိုပါ၊ ဖြည့်သူမှာ၊ နိုးစွာမဂ်ရကြောင်း။

# ရှေ့ဦးပြုရန်-ပရိကမ် ၇-ချက်ကဗျာ

၁။ သာသနာတွင်း၊ သက်ဆင်းကြုံလာ၊
တွေ့ခဲဆုံခဲ၊ ထူးကဲချိန်ခါ၊
တရားပျော်မွေ့၊ မမေ့နေပါ၊
သုဂတိ၊ မြန်းရှိနိဗ္ဗူတာ။ ။

၂။ မြတ်စွာဗုဒ္ဓ၊ ဓမ္မသံဃာ၊
ကျေးဇူးကြီးလှ၊ မိဘဆရာ၊
အနန္တော-အနန္တ၊ ဂုဏမဟာ၊
လက်စုံမိုး၊ ရှိခိုးပြုကြပါ။ ။

၃။ သံသရာဝဋ်၊ ကင်းလွတ်စေငှာ၊
ခန္ဓာကိုယ်အား၊ ဘုရားလှူပါ၊
တရားညွှန်ပြ၊ မြတ်လှဆရာ၊
ခန္ဓာကြီး၊ အပြီးအပ်နှံပါ။ ။

၄။ အပြစ်ရှိသမျှ၊ ကင်းကြစေရာ၊
သူတော်မြတ်အား၊ ညွှတ်တွားဝန္ဒနာ၊
အပြစ်တင်ရှိ၊ မိမိထံမှာ၊
ခွင့်လွှတ်ရေး၊ ကြေအေးပြုလိုက်ပါ။ ။

၅။ သတ္တဝါများ၊ ချမ်းသာစေရာ၊
ဘေးရန်ကင်းမှု၊ သွန်းပြုမေတ္တာ၊
အောင်မေ့သမှု၊ ပွားရှုမရဏာ၊
ဝိဥ္စာန်ချက်၊ ပြုလျက်ပရိကမ္မာ။ ။

# အနန္တငါးပါးဘုရားရှိခိုးရန်
(ပါဠိမြန်မာ)

ဗုဒ္ဓဂုဏော အနန္တော။

ဓမ္မဂုဏော အနန္တော။

သံဃဂုဏော အနန္တော။

မာတာပိတုဂုဏော အနန္တော။

အာစရိယဂုဏော အနန္တော။

ဣမေပဉ္စဂုဏေ အဟံဝန္ဒာမိ သဗ္ဗဒါ။

ဘုရားဂုဏ်တော်သည်၊ အဆုံးအပိုင်းအခြားမရှိ။

တရားဂုဏ်တော်သည်၊ အဆုံးအပိုင်းအခြားမရှိ။

သံဃာဂုဏ်တော်သည်၊ အဆုံးအပိုင်းအခြားမရှိ။

မိဘနှစ်ပါးဂုဏ်တော်သည်၊ အဆုံးအပိုင်းအခြားမရှိ။

ဆရာသမားဂုဏ်တော်သည်၊ အဆုံးအပိုင်းအခြားမရှိ။

ဤအနန္တော အနန္တဂုဏ်တော်ငါးပါးတို့ကို၊ တပည့်တော်သည် အခါခပ်သိမ်း လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ ။

# အနန္တငါးပါးဘုရားပင့်ရန်

(ပါဠိမြန်မာ)

ဗုဒ္ဓော မေ သီသေ တိဋ္ဌတု။

ဓမ္မော မေ သီသေ တိဋ္ဌတု။

သံဃော မေ သီသေ တိဋ္ဌတု။

မာတာပိတရော မေ သီသေ တိဋ္ဌတု။

အာစရိယော မေ သီသေ တိဋ္ဌတု။

ဘုရားရှင်သည်၊ ငါ၏ဦးခေါင်းထက်၌ တည်ပါစေသတည်း။

တရားတော်သည်၊ ငါ၏ဦးခေါင်းထက်၌ တည်ပါစေသတည်း။

သံဃာတော်သည်၊ ငါ၏ဦးခေါင်းထက်၌ တည်ပါစေသတည်း။

ဆရာသမား၏ဂုဏ်တော်သည်၊ ငါ၏ဦးခေါင်းထက်၌ တည်ပါစေသတည်း။

မိဘနှစ်ပါးတို့၏ဂုဏ်တော်သည်၊ ငါ၏ဦးခေါင်းထက်၌တည်ပါစေသတည်း။ ။

## မိမိခန္ဓာကိုယ်ကိုဘုရားအားလှူ၍ ဆရာအားအပ်နှံရန်

ပါဠိမြန်မာ

အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ။

ဣမံ အတ္တဘာဝံ ဘဂဝတော ပရိစ္စဇာမိ။

ကမ္မဋ္ဌာန စရိယဿ နိယျာဒေမိ။

အရှင်ဘုရားတပည့်တော်သည်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကျွတ်လွတ်ရခြင်းအကျိုးငှာ၊ ဤခန္ဓာကိုယ် အတ္တဘောကြီးကို မြတ်စွာဘုရားအား စွန့်လွှတ်ဒါန်လှူပါ၏အရှင်ဘုရား။

ကမ္မဋ္ဌာန်းညွှန်ကြား ဆရာမြတ်အားလည်း အပ်နှံပါ၏ အရှင်ဘုရား။

### အပြစ်ရှိသမျှကန်တော့ဝန်ချရန်

ဘုရားတပည့်တော်များသည် အစမထင်၊ သံသရာတခွင်ကစ၊ ယနေ့ကျအောင်၊ ရတနာသုံးပါး၊ မိဘဆရာ၊ အစရှိသောသူတော်ကောင်းတို့အား၊ ကိုယ်နှုတ်စိတ်ဖြင့် ပြစ်မှားမိသော အပြစ်ဟူသမျှတို့ကို ကြေရာကြေကြောင်း ကန်တော့ တောင်းပန်ပါ၏ အရှင်ဘုရား။

သူတပါးတို့သည် တပည့်တော်တို့ကို ပြစ်မှားခဲ့သောအပြစ်ဟူသမျှကိုလည်း ခွင့်လွှတ်သည်းခံပါ၏အရှင်ဘုရား။ ။

**မေတ္တာဘာဝနာပွားများရန်**

ခပ်သိမ်းများစွာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
တို့အိမ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တို့ရွာတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တို့ပြည်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
နိုင်ငံတိုင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
သုံးဆဲ့တဘုံမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

## မရဏာနုဿတိရှုပွားရန်

(ပါဠိမြန်မာ)

အဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ။
အဝဿံ မယာ မရိတဗ္ဗမေဝ။
မရဏ ပရိယောသာနံ မေ ဇီဝိတံ။
ဇီဝိတံ မေ အနိယတံ။ မရဏံနိယတံ။

ငါ၏ အသက်သည်၊ မမြဲလေစွ့တကား။
ငါ၏ သေခြင်းသည်၊ မြဲလေစွ့တကား။

ငါသည်မချုတ်ကေန် သေရမှာပါတကား။
ငါ၏အသက်သည်၊ သေခြင်းအဆုံးရှိမှာပါတကား။
ငါ၏အသက်သည်၊ အမြဲမရှိလေစွတကား။
ငါ၏သေရခြင်းသည်၊ မလွဲဖြစ်မည်ပါတကား။

## အမိဌာန်ချက်ပြုရန်

ဘုရားတပည့်တော်သည်၊ ယခုအချိန်မှစ၍ (၁) နာရီတိတိ ခန္ဓာကိုယ်မှာ၊ ရုပ်တရား၊ နာမ်တရား၊ ပေါ်လာသမျှသိ၊ သိသမျှ ပျက်၊ ပေါ်-သိ-ပျက်၊ အဟောင်းရုပ်နာမ်ပျက်၊ အသစ်ရုပ်နာမ် ဆက်ခါ၊ ဖြစ်နေတာတွေကို၊ သတိရှေ့သွား ဉာဏ်ဖြင့်သိမှတ်၍၊ နေပါမည်ဘုရား။

သိမှတ်နေစဉ်မှာ၊ ငိုက်-သမ်း-ပျင်း-ဝေ၊ စိတ်လေ စိတ်လွင့်၊ စိတ်ကူး၍ ဖြစ်နေတာတွေကို၊ သတိတရားဖြင့်၊ ပယ်ဖျောက်ပြီး ခါ၊ ဉာဏ်ဖြင့်သာ သိမှတ်၍နေပါမည်ဘုရား။ ။
(အချိန်ကို စွမ်းနိုင်သမျှ အမိဌာန်ပြုကြပါ။)

## အခြေခံ သမထတရားအကျဉ်း

သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ချစ်သား တသီး ချစ်သမီးအပေါင်းတို့၊ စင်စစ်အားဖြင့်၊မမေ့ မလျော့၊ မပေါ့မတန်သော သတိတရားကိုသာလျှင်၊ ငါဘုရား သည်၊ အလုံးစုံသောအရာခပ်သိမ်း၌အလိုရှိအပ်၊ ကိစ္စအဝဝကိုပြီး စေတတ်၏ဟူ၍ ဟောတော်မူအပ်၏။

ဤဘုရားဟောတော်မူသော ဒေသနာတော်ကို ထောက်ဆ၍ သတိတရားသည် အရေးကြီးကြောင်းထင်ရှားလှပေသည်။ အရာရာမှာ သတိတရားနှင့် ကင်းကွာနေလျှင်၊ တစုံတခုသော ဘာဝနာကိစ္စကို ပြီးမြောက်စေနိုင်တော့မည် မဟုတ်ပါ။ (သတိပြု) သို့ကြောင့် ဓမ္မမာမကအမျိုးသား၊ ဘာဝနာတရားကို ကြိုးစားအားထုတ်လိုကြသော ယောဂီသူတော်စင် အမျိုးတို့မှာ၊ သတိတရားနှင့် ပြည့်စုံအောင်လွန်စွာ အားထုတ်ရပါမည်။ သို့မှသာလျှင် ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်းသော၊ သဘာဝအမှန်တွေကို သိလာနိုင်ပေမည်။

ဒါကြောင့်-"သတိတလုံး၊ လက်ကိုင်သုံး၊ အဆုံးနိဗ္ဗာန်သာ" ဟု ရှေးဆရာတော်ကြီးများ စပ်ဆိုခဲ့ပေသည်။

ဤသို့သတိတရား၊ မြဲစွာမပြတ်၊ ရှုမှတ်လာနိုင်ပါလျှင်၊ အာရုံတခုတည်းသို့ ကျတတ်သောစိတ်၏ တည်ကြည်မှု၊ သမာဓိတရား မိမိခန္ဓာကိုယ်မှာဖြစ်ပေါ်လာပါတော့မည်။

## ရှုမှတ်ရန်

သမာဓိတရား ဖြစ်ပေါ်လာအောင်၊ မိမိခန္ဓာကိုယ်၌ အမြဲမပြတ်တလစပ်၊ ဝင်လိုက်ထွက်လိုက်ဖြစ်နေသော၊ ဝါယောလေဓာတ်ကို၊ ပဓာနပြု၍၊ သတိတရားဖြင့်ကပ်ပြီး ရှုမှတ်နေရမည်။

မိမိခန္ဓာကိုယ်၏ နှာသီးဖျား၊ နှုတ်ခမ်းအထက် နှာခေါင်းဝ၌၊ ဝင်လေများ ပွတ်တိုက်၍ထိလာသည်ကိုဎင်း၊ ထွက်လေ

များပွတ်တိုက်၍ ထိသွားသည်ကိုရင်း တနေရာထည်း၌သာလျှင် သတိတရားဖြင့်၊ စူးစူးစိုက်စိုက် မလွှတ်တန်းဘမ်းပြီး ရှုမှတ်နေရမည်။ ဝင်လေထွက်လေတို့၏ ပွတ်တိုက်ထိခိုက်မှု ဖြစ်နေသည်ကို အာရုံတပါးမပြေးစေဘဲ၊ ထိလာသမျှသိ(ထိ-သိ-ထိ-သိ)ဟုကြိမ်ဘန်များစွာ၊ သတိထားရှုမှတ်နေရပါမည်။ ဝင်လေတို့၏ အစအဆုံး အရှည်အတိုကိုလိုက်၍ ရှုရန်မလို၊ ဝင်လေထွက်လေတို့၏ ဝင်လာထိမှု၊ ထွက်သွားထိမှု ဤနှစ်ခုကိုသာလျှင် ပဓာနပြု၍ သမာဓိရလာအောင် တနေရာတည်းမှ သတိကပ်ရှုမှတ်နေရမည်။

ရှုမှတ်ဘန်များလာသောအခါ၊ စိတ်တည်ကြည်မှု၊ သမာဓိ တရားဖြစ်ပေါ်လာမည်။ သမာဓိဖြစ်ပေါ်လာမှ ယထာဘူတ ဉာဏ် ဟုတ်တိုင်းမှန်စွာသိလာရတော့မည်။

သို့ကြောင့် ဘုရားရှင်သည်-

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊

သမာဟိတော ယထာဘူတံ ပဇာနာတိ။

ဟု ဟောတော်မူလေသည်။

ချစ်သား - ချစ်သမီးတို့၊ သတိထား၍ သမာဓိဖြစ်လာအောင် ရှုပွားကြကုန်လော့။ အာရုံတခုတည်း၌စိတ်တည်ငြိမ်ခြင်းသမာဓိ ဖြစ်လာသည်ရှိသော်၊ ဝါ-သမာဓိ ရှိလာသော ယောဂီအား ဟုတ်တိုင်းထင်စွာ၊ သဘာဝမှန်၊ ပရမတ်ရုပ်နာမ်ကို၊ ပညာဉာဏ်ဖြင့်သိရမည် ဟု ဘုရားဟောနှင့်အညီဖြစ်လာပေသည်။

ဤသို့အဘန်ဘန် အထပ်ထပ်၊ ရှုမှတ် ပွားများလာပါလျှင် သမာဓိအရှိန်ရလာပေမည်။ သမာဓိအရှိန်ရလာပြီးနောက် ဈာန် လမ်းခေါ် သမထယာနိကဘက်သို့ လိုက်လိုပါလျှင်၊ ရှေ့ဆက် ပြီး ဥပစာရသမာဓိစခန်းကျအောင် အားထုတ်၍အပ္ပနာသမာဓိ ခေါ်ဈာန်အဘိဉာဏ်စသည်ဖြင့် မိမိတို့လိုလားအပ်သော အာ သာဆန္ဒအတိုင်း ပွားများကြလျှင်၊ ရည်မှန်းချက်ပြည့်ဝပေမည်။

မဂ်လမ်းခေါ် ဝိပဿနာ ယာနိကဘက်သို့ လိုက်လိုပါလျှင် ဝိပဿနာသို့ ကူးပြောင်း၍၊ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်မှုပျက်မှုသင်္ခါရ တရားအစုတို့ကိုရှုမှတ်ရပေတော့မည်။ ဤကျမ်းသည်ဝိပဿနာ တရားအကျဉ်းမျှသာ ရေးသားရည်ရွယ်ရင်းဖြစ်ပါ၍ အကျယ် မရေးတော့ပါ။ အကျယ်ကိုလိုပါမူ လယ်တီဆရာတော်၏ ဒီပနီ များစသည်တို့ကို ကြည့်ရှုကြပါကုန်။ ။

## လက်ာဆောင်ပုဒ်

၁။ သတိတလုံး၊ လက်ကိုင်သုံး၊ အဆုံးနိဗ္ဗာန်ပြည်။
၂။ ခန္ဓာကိုယ်၌၊ သတိစိုက်၊ သိလိုက်မြတ်ယောဂီ။
၃။ ဝင်လေထွက်၍၊ ထိ-သိမှု၊ မှတ်ပြုနှစ်ခုတည်။
၄။ ထိ-သိထင်လာ၊ ကြိမ်များစွာ၊ ရှုခါပွားရသည်။
၅။ လုံ့လကြိုးကုတ်၊ လွန်အားထုတ်၊ မယုတ်တိုးပွားမည်။
၆။ အာရုံတည်ရှိ၊ သမာဓိ၊ ဘမ်းမိလေတော့သည်။
၇။ သမာဓိထင်၊ ဟုတ်တိုင်းမြင်၊ ပွားလျှင်မှန်တော့သည်။
၈။ ဆက်ခါပွားလျှင်၊ အမှန်မြင်၊ ဉာဏ်တွင်ထင်ရှားမည်။
၉။ ဘုရားညွှန်းလာ၊ ဒေသနာ၊ ယုံစွာပွားသင့်သည်။

## ဝိပဿနာကမ္မဋ္ဌာန်းထိုင်နည်း

ဘုရားရှင်သည်၊ ပလ္လင်္ကံ အာဘုဇိတွာ၊ ဥဇုံကာယံ ပဏိဓာယ ပရိမုခံသတိံ-ဟူ၍၊ ကိုယ်တော်တိုင် ညွှန်ပြတော်မူသည်နှင့်အညီ၊ ဝိပဿနာတရားအားလျော်စွာ ရေးသားညွှန်ပြရလိုသော်။

၁-အချက် (ယောကျ်ားအတွက်) ထက်ဝယ်ဖွဲ့ခွေ၍ တင်ပလ္လင်ထိုင်ရန် ဖြစ်သည်။ ခြေနှစ်ဘက်ကို ထပ်မထားဘဲ ခြေသလုံးပေါ် လက်နှစ်ဘက်ကိုလှန်၍ ထပ်ထားပြီးလျှင် လက်မထိပ်ချင်း ထိထားရမည်။ (မိန်းမအတွက်)မိန်းမထိုင် ထိုင်လျှင်သင့်လျော်မည်။

၂-အချက် ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား ရန်ဖြစ်သည်။ ရှေ့သို့လည်း ကုန်းမထားရ၊ နောက်သို့လည်း ကော့မထားရ၊ ဘေးသို့လည်း စောင်းမထားရ၊ ကိုယ်ဖြောင့်မှစိတ်ဖြောင့်မည်။

၃-အချက် ခေါင်းကိုငုံ့၍မထားရ၊ မော့၍လည်းမထားရ၊ အရာဝတ္ထုတခုခုကိုကြည့်နေသည့်အဟန်ထား၍၊ မျက်စိကိုသဘာဝမှိတ်အိပ်ခါစလေးထားပြီးလျှင် မိမိရှုမှတ်လိုသောတရားအာရုံရှေ့ရှုပြီး သတိပြုနေရန်ဖြစ်သည်။

လိုရင်းအချုပ်မှာ အချိန်ကြာကြာ ငြိမ်သက်စွာနေနိုင်ရေး ကိုယ်ကိုဖြောင့်မတ်စွာထား၍၊ သတိမပြတ်အောင် ရှုမှတ်မည့် တရားအာရုံဆီသို့ စူးစိုက်နေရမည်ဟု ဆိုလိုပေသည်။

ဤနေရာတွင် ဝိပဿနာတရား၏ အာရုံမှာရုပ်နှင့်နာမ်တရား နှစ်ပါးသာဖြစ်သည်။ အတိတ်ရုပ်နာမ်ကား ချုပ်ပျောက်လေပြီ၊ အနာဂတ်ရုပ်နာမ်ကားမပေါ်လာသေးပါသဖြင့်၎င်းတရားတို့ကို မရှုရ၊ သတိပြု။ ပစ္စုပ္ပန်ကျကျ ပေါ်ခိုက်ပေါ်ခိုက်၊ ပျော်ခိုက် ပျော်ခိုက်ရုပ်နှင့် နာမ်တရားကိုသာ ဖြစ်ပြီးလျှင်ပျက်၊ ဖြစ်ပျက် အနေအားဖြင့် အချိန်ရှိသရွေ့ ဣရိယာပုထ် လေးပါးလုံးရှုမှတ် သတိပြုနေရမည်။

## နိဗ္ဗာန်သွားရန်ခရီးလမ်းမှန်

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုမြင်သောအိုချစ်သား ချစ်သမီး တို့၊ အသင်္ခတဂါမိမဂ္ဂေါ၊ နိဗ္ဗာန်ရွှေဘုံ၊ ပြည်ဇေယျုံသို့၊ ခိုလှုံ ရောက်ကြောင်း လမ်းကောင်းကြီးသည်ကား၊ကတမော၊အဘယ် ပါနည်း။ ဣတိစေ၊ ဤသို့မသေ့ မေးသည်ရှိသော်။

ဝိပဿနာအယံဝုစ္စတိ၊ ဘိက္ခဝေအသင်္ခတဂါမိမဂ္ဂေါ။

ဘိက္ခဝေ၊ ကိလေသာကို ဖျက်ဆီးတတ်သော အိုချစ်သား ချစ်သမီးတို့၊ အယံဝိပဿနာ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့် ဆဲ နှစ်ဖြာအာယတန ပဋိစ္စကို စိတ်ချအောင်သာ ယာဉ်သုံးဖြာဖြင့် စီးကာရှုငြား ဤဝိပဿနာဆိုသည့် တရားတော်ကြီးကို၊ အသင်္ခ တဂါမိမဂ္ဂေါ၊ နိဗ္ဗာန်ရွှေဘုံ ပြည်ဇေယျုံသို့ ခိုလှုံရောက်ကြောင်း လမ်းကောင်းကြီးဟူ၍၊ အဟံ၊ လောကမှန်ကူ သယမ္ဘူဟု တဆူ ထင်ရှား ငါဘုရားသည်။ ဝုစ္စတိ၊ သဗ္ဗညုဉာဏ် ခွဲဝေဘန်၍ ကေန် ထင်ပေါ်ဟောကြားတော်မူခဲ့ ပါပေသတည်း။

**ဆိုလိုရင်းကား။** အို ချစ်သားတို့ နိဗ္ဗာန်ရောက်ဘို့ရန် လမ်းမှန်သည်ကား အဘယ်တရားပေနည်း။

အို ချစ်သားတို့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် ရှုမှတ်နေခြင်း ဝိပဿနာတရားသည်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန်ဖြစ်သည်ဟု ငါဘုရားဟောကြားပေသည်။

## ဝိပဿနာတရားဟူသည်

ပညတ္တိံ ထပေတွာ သင်္ခါရဓမ္မေ အနိစ္စာဒိ အာကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ။

ပညတ္တိံ၊ ပညတ်အာရုံဟူသမျှကို၊ ထပေတွာ၊ နှလုံးမသွင်းဖယ်ကြဉ်၍၊ သင်္ခါရဓမ္မေ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို၊ အနိစ္စာဒိအာကာရေန၊ မမြဲခြင်း သဘောအနိစ္စ စသော အခြင်းအရာအားဖြင့်၊ ဝိဝိဓံ၊ အထူးထူး၊ အပြားပြား၊ ပဿတိ၊ အသိဉာဏ်ဖြင့်၊ ရှုမှတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ ဝိပဿနာ၊ ဝိပဿနာမည်၏။

**ဆိုလိုရင်းအချက်။** ။ပညတ်ကိုကြဉ် ပရမတ်ရုပ်နာမ်ကို အနိစ္စ ဒုက္ခ အနတ္တ သဘောလက္ခဏာထင်အောင် ဉာဏ်ဖြင့် နှလုံးသွင်းနေခြင်းသည် ဝိပဿနာဟုဆိုလိုပါသည်။

ဤနေရာ၌ ပညတ်နှင့် ပရမတ်တရားနှစ်ပါး ကွဲပြားခြားနားမှုကို သုတမယဉာဏ်ဖြင့် သိထားဘို့လိုအပ်ပါသည်။

## "မရှိပညတ်၊ ရှိပရမတ်၊ နှစ်ရပ်သိလေပါ"

လောကအရ တကယ်အမှန်အားဖြင့်မရှိ၊ သဘာဝအားဖြင့် ရှိနေသည့် ပရမတ်ရုပ်နာမ်အပေါ်မှာ ကမ္ဘာဦးသူ ပညာရှိတို့က လောကဝေါဟာရ သမုတ်ထားခြင်း၊ အခေါ်အဝေါ် အသုံးအနှုန်းမျှသာဖြစ်သောတရားကို ပညတ်ဟုခေါ်သည်။

အချုပ်အားဖြင့် မံသစက္ခု၊ အသားစိုင်မျက်စိဖြင့် မြင်ကောင်းသော အကောင်အထည်၊ အတိုအရှည်၊ အလုံးအပြား၊ ပုံဟန်သဏ္ဍာန်၊ အမည်နာမစသော ဝေါဟာရမှန်သမျှ ပညတ်တရားမျှသာဖြစ်သည်။ ထိုပညတ်တရားများကို ဝိပဿနာတရား အားထုတ်ရာတွင် နှလုံးမသွင်းဘဲ၊ ဖယ်ကြဉ်နိုင်သမျှ ဖယ်ကြဉ်ထားရမည်။ ပညတ်တရားစင်လာမှ ပရမတ်တရား ထင်လာနိုင်ပါသည်။ ပရမတ်တရားဉာဏ်၌ များများထင်လာပါမှ မဂ်ဖိုလ်ဝင်နိဗ္ဗာန်တရားကို ကောင်းစွာမြင်နိုင်ပါလိမ့်မည်။ (သတိပြုပါ)

မြတ်သောသဘာဝအမှန်၊ ရုပ်နှင့်နာမ်ကို ပရမတ်ဟုခေါ်သည်။ ဤလောက၌ အမှန်အားဖြင့် နာမ်နှင့်ရုပ်နှစ်ပါးသာလျှင်ရှိသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ နာမဉ္စရူပဉ္စ ဣဓတ္ထိသစ္စတောဟု မိန့်၏။ အသင့်အတင့် ကောင်းမြတ်သောနှလုံးသွင်းမှု၊ ယောနိသော မနသိကာရ ထားတတ်လျှင် ဝိပဿနာ၏ အာရုံနှင့်လွတ်သော တရားမရှိကြောင်း၊ သန္နိဋ္ဌာန်ကျယုံကြည်ရမည်။ ယုံကြည်သည့်အတိုင်း၊ မိမိအလိုရှိအပ်သောအာရုံကို ဝိပဿနာဖြစ်အောင် ရှုတတ်ဘို့ရာ အရေးကြီးလှပေသည်။ မရှုတတ်လျှင် ရုပ်နာမ် ပရမတ်အာရုံသို့မရောက်ဘဲ၊ ပညတ်အာရုံဖြစ်၍ နေတတ်သည်။

အဘဲ့ကြောင့်ဆိုလျှင် ပရမတ်နှင့် ပညတ်ဟူသည်မှာ တခြားစီကွဲ၍ ဖြစ်နေတာမဟုတ်ပါ။ ပရမတ် အစုအဝေးတွေ အပေါ်တွင် ပညတ်တင်နေပေသည်။ ဝိပဿနာရှုရာတွင် ပညတ်ကိုဖယ်ရမည်ဆိုပေမဲ့၊ ယူ၍ပစ်သလို ဖယ်ရတာမျိုးမဟုတ်ပါ။ ပညတ်အာရုံကို အရေးမလုပ်ဂရုမစိုက်သတိမပြုဘဲ၊ ပရမတ်ရုပ်နာမ် အာရုံကိုသာ အသိအမှတ်လုပ်၍ နှလုံးသွင်းနေရခြင်းဖြစ်သည်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ပရမတ်ဆိုတာ မျက်လှည့်အဘတ်နှင့်တူသည်။ မျက်လှည့်အတတ်ဟူသည်၊ နည်းကိုမသိလျှင် အလွန်ခက်၍၊ နည်းသိလျှင်မူကား အလွန်လွယ်၏။ ဤအတူပင်၊ ပရမတ်ဆိုတာ မသိလျှင် အလွန်ခက်၏။ ကိုယ်တွေ့ပြကောင်းသောဆရာက ပြသပေးလျှင် ခက်ခဲလှသည်မဟုတ်ပါ။

သတ္တဝါတို့သည် ပရမတ်ကို နေ့စဉ်မြင်၍ နေ လျက် သား နှင့် မတွေ့ကြဘူး၊ နေ့စဉ်တွေ့၍ နေလျက်သားနှင့်လည်း မသိကြဘူး ဟူ၍ မိန့်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် လောက၌ပရမတ်ရုပ်နာမ်မှတပါးလွဲ၍ ဘာမျှမရှိ။ ပရမတ်ရုပ်မရှိလျှင်၊ ပညတ်ရုပ်လည်း မရှိနိုင်သောကြောင့်တည်း။

လောက၌ရှိသမျှအရာတွေကို အကျဉ်းချုံးလိုက်သော်၊ နာမ်နှင့်ရုပ်သာဖြစ်ပြီးလျှင်ပျက်၊ ဖြစ်ပျက်အနေအားဖြင့် တည်ရှိသည်။ နေ့စဉ်မြင်ရ၊တွေ့ရ၊ကြားရ၊နံရ၊လျက်ရ၊ ထိရ၊ သိရသောသဘောမှန်သမျှနှင့်တကွ၊ မိမိတို့၏ကိုယ်နှင့်စိတ်တို့ကိုကပင်ခန္ဓာ အာယတနဓာတ်တွေဖြစ်သည်။ သို့ရာတွင်ခန္ဓာ အာယတနဓာတ်

မှန်းမသိကြ။ စာတတ်၍သိကြပါသော်လည်း၊ သဘာဝအမှန်၊ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်မမြင်တတ်ကြပါ။

သို့ဖြစ်၍၊ ရုပ်နာမ်သဘာဝမှန်ကို မြင်အောင် ထင်အောင် ဆရာကောင်းကိုရှာအပ်၏။ ယထာဘူတ ဉာဏာယ သတ္ထာပရိယေသိတဗ္ဗာဟုဟောတော်မူသည်။

ယထာဘူတ ဉာဏာယ၊ ဟုတ်တိုင်းမှန်စွာ ဝိပဿနာကို၊ ကောင်းစွာမိမိ၊ သိရှိတတ်မြောက်စေခြင်းငှာ၊ သတ္ထာ၊ ကိုယ်တိုင်တတ်သိ၊ ပညာရှိသော၊ ဆရာကောင်းကို၊ ပရိယေသိတဗ္ဗာ၊ မရမနေတွေ့အောင်ရှာဖွေရာ၏။

တရားလိုလား ယောဂီများသည် ဝိပဿနာတရားကို ကိုယ်တိုင်ကျင့်အားထုတ်ဘူး၍၊ သေချာကျနပြပေးတတ်သော ဆရာအား ဆည်းကပ်ကိုးကွယ်ရမည်ဟုဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် နည်းမှန်ကျနမှ ရုပ်နာမ်သဘာဝကိုမြင် ဖြစ်ပျက် ထင်လာ၍ ဉာဏ်စဉ်တပ်ပြီး၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်သောကြောင့်တည်း။

ဤသို့လျှင်၊ မရှိပညတ်သဘောတရား၊ အရှိပရမတ် နာမ်ရုပ်နှစ်ဖြာတို့၏ ကွဲပြားခြားနားဟန်ကို၊ ဦးစွာပထမသုတမယဉာဏ်ဖြင့် သိရှိနားလည်ထားဘို့ရန်လိုအပ်ပါသည်။

လောက၌ လူအများတို့သည်၊ ပညတ်တရားတို့ကို၊ အလွန်ပင်အရေးပါအရာရောက်၍ မသုံးလျှင်မဖြစ်သကဲ့သို့ ထို အတူပင်

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ဝိပဿနာတရား အားထုတ်သူယောဂီသူတော်စင်များ အတွက် ပရမတ်တရား၊နာမ်ရုပ်နှစ်ပြားတို့ကို မမြင် မြင်အောင်၊မထင် ထင်အောင်ရှုဘို့ရန်အလွန်ပင်အရေးပါအရာရောက်သော တရားဖြစ်သည်ကို အထူး သတိပြုပါရန်။ ရုပ်နာမ် တရား နှစ်ပါး တို့ကို သဘောမိမိ မြင်သိရပါမှ၊ မဂ်ဖိုလ်ဝင်နိဗ္ဗာန်ကို မြင်နိုင်ပါလိမ့်မည်။ ဒါကြောင့် ကသစ်ဝိုင်ဆရာတော်ကြီးက-

ရုပ်နာမ်အစ၊ ဖြစ်ပျက်အလယ်၊ အပျက်အဆုံး၊ နိဗ္ဗာန်ဝင်တဲ့ လမ်းစဉ်သုံးဟု စပ်ဆိုခဲ့ပေသည်။

ဝိပဿနာတရားအားထုတ်ရာတွင်၊ ဒေသနာ အစဉ်အားဖြင့် နည်းပေါင်းများစွာရှိပေသည်။ ဦးစွာပထမ၊ လယ်တီဆရာတော်ဘုရားကြီး၏ ဘူတရုပ်ရှုနည်းကိုအားထုတ်သင့်ပေသည်။ ဘူတရုပ်သည် ပရမတ်၏ မူလအခြေခံသဘောဖြစ်သည်။ ဘူတရုပ်ရှိလို့ ဉပဒါရုပ်တွေဖြစ်ပေါ်လာသည်။ဘူတရုပ်ကိုပိုင်နိုင်လျှင်“အရင်းလဲလျှင်၊ အဖျားထင်းဖြစ်” သည်ဟူသောစကားပုံကဲ့သို့၊ အခြားသော ဝိပဿနာ နည်းများစွာတို့ကိုလည်း ရှုမှတ်ရန် မခဲယဉ်းတော့ပါ၊ ဘူတရုပ်ကို ကောင်းစွာ ရှုမြင်ရဘူးလျှင် ဝိပဿနာသဘောတရားတို့ကို လေးလေးနက်နက်ကြီးသိရပေမည်။

ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဤဓာတ်ကြီးလေးပါးတို့သည်၊ မဟာဓာတုယော၊ ကိုယ်သဏ္ဌာန် ပုံဟန်ဒြပ်ဖြစ်ရန် အထည်ခံ အမာခံ ဓာတ်ကြီးလေးပါး တို့တည်းဟု ဆိုခဲ့သည်။ ဘူတရုပ်သည် လူတကိုယ်လုံးတွင် ရိုးတွင်းချဉ်ဆီတို့ကပါမကျန်

အောင် ဖြစ်ပျက်လျက်ရှိသော ခဏိကအနိစ္စတို့ကိုလည်း သိနိုင်သည်။

ပထဝီဓာတ်သည်။ ။ခက်မာနူးညံ့၊ကြမ်းတမ်းပျော့ပြောင်းမှုသဘောရှိသည်။

တေဇောဓာတ်သည်။ ပူအေးနွေးကျွမ်းလောင်မှုသဘောရှိသည်။

ဝါယောဓာတ်သည်။ ထောက်ကန် လှုပ်ရှား တွန်းကန်မှုသဘောရှိသည်။

အာပေါဓာတ်သည် တွယ်ကပ်ယိုစီး ဖွဲ့စည်းမှုသဘောရှိသည်။

ဤဓာတ်လေးပါးတို့သည်၊ အနုမြူနှယ်၊ အနည်းငယ်မျှ အထည်ဒြပ်ဟူ၍မရှိ၊ နတ်မျက်စိဖြင့် သော်လည်း မြင်ရသော အရာမဟုတ်၊ အမှုအရာကြိယာသဘောမျှသာဖြစ်သည်။ ကုဋေတသိန်းမက စုမိခဲ့ကြကုန်မှသာလျှင်၊ သန်းဥ သန်းဖျ မှုံညင်းစေ့ စသောပညတ်ဒြပ်အထည် ဝတ္ထုတို့ဖြစ်ပေါ်လာကုန်၏။ ထို့ကြောင့် ထူးထွေပြောင်းလဲ ချုပ်စဲရန် အကြောင်းသည်၊ တိုက်ဆိုင်ခဲ့သည်ရှိသော်၊ မျက်တောင်တယှက်၊ လျှပ်တပြက်မျှ၊ တခဏအတွင်း အထွေ ထောင်သောင်းမကသြောင်းအောင် ရွေ့ပြောင်းလဲလှယ်ဖောက်ပြန်လွယ်ကြကုန်၏။

အတိတ်ကံဘဝက၊ ပစ်ချ၍ ရလာခဲ့သော၊ ဤငါတို့၏ ခန္ဓာကိုယ် ထည် ဒြပ်ကြီး ကား၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူ တ ပါး၊ ယောကျ်ားမိန်းမ အတ္တဇီဝအနှစ်သာရဟူ၍မတွေ့ ဖြစ်ပြီးလျှင် ပျက်နေသည့်ဓာတ်လေးပါးသဘောမျှတွေ့ရသည်။

ဤခေတ်လေးပါးဖြင့် ဆောက်တည်ထားသော ခန္ဓာကိုယ်ကြီးကို၊ သူဘဲငါဘဲ လူနတ်ဗြဟ္မာ၊ ယောကျ်ား၊ မိန်းမဘဲ အထင်လွဲနေရခြင်းသည်၊ ဖောက်ပြန်မှားယွင်းနေသော ဝိပလ္လာသတရားကြောင့်ဖြစ်သည်။

ဝိပလ္လာသတရားကား ၃-ပါးဖြစ်သည်။ ရုပ်နာမ်တရားပေါ်မှာ အမှတ်မှားမှု၊ သညာဝိပလ္လာသ၊ အသိမှားမှု စိတ္တဝိပလ္လာသ၊ အယူမှားမှု ဒိဋ္ဌိဝိပလ္လာသဖြစ်သည်။ ဤဝိပလ္လာသတရားတို့သည်၊ အဝိဇ္ဇာမောဟမသိမှုတရားတို့ကို အမှီရနေ၍ ဖြစ်ပေါ်ရခြင်း ဖြစ်ပေသည်၊ ထိုမောဟအဝိဇ္ဇာတရားကို၊ ဝိပဿနာတရားမှတပါး ပယ်ဖျောက်နိုင်သောအရာမမြင်၊ ထို့ကြောင့် ဝိပဿနာတရားကို ဘုရားသာသနာကြုံသည့်အခိုက် အားစိုက်နိုင်ပါမှ၊ ဝိဇ္ဇာဉာဏ်အလင်းရောင်ပြီးလျှင်၊ ရုပ်သဘာဝ၊ နာမ်သဘာဝကို ဟုတ်တိုင်းမှန်စွာ၊ အနိစ္စ၊ မမြဲမှုသဘော၊ ဒုက္ခဆင်းရဲမှုသဘော၊ အနတ္တအစိုးမရအလိုသို့ မလိုက်မှု သဘောပေါ်ကြပြီး မဂ်လမ်း ဖိုလ်လမ်းပွင့်ပြီး အပါယ်သံသရာမှ လွတ်မြောက်ကြပါလိမ့်မည်။

## သတိတရားရကြပါရန်

မနုဿတ္တဒုလ္လဘဟု အရတော်စွာ၊ လူဖြစ်လာရသောအခါ ဘုရားသာသနာနှင့် တွေ့ကြုံရခြင်းသည် အလွန်ထူးမြတ်လှပေသည်၊ ထူးမြတ်သည့်ဘဝကိုရသည့်အခိုက်၊ ဒါန၊ ပေးကမ်းမှု သီလ၊ ကိုယ်နှုတ်ထိန်းသိမ်းမှု၊ သမထ၊ စိတ်ထိန်းသိမ်းမှုဆိုတဲ့ (စရဏ)လမ်းဖြင့် နိဗ္ဗာန်သွားနိုင်အောင် ကြိုးစားအားထုတ်ရပါမည်။ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုသိအောင် ဝိပဿနာ

ဉာဏ်ဆိုတဲ့ ဝိဇ္ဇာလမ်းဖြင့် နိဗ္ဗာန်သွားနိုင်အောင် ကြိုးစားအား ထုတ်သင့်လှပေသည်။

ဤကဲ့သို့(စရဏ) လမ်း ဝိဇ္ဇာလမ်းတို့ဖြင့် အားထုတ်နိုင်ကြမှ သာလျှင် ရခဲလှသောလူအဖြစ်၊ ကြုံခဲလှသော သာသနာ၌၊ တန်ဘိုးရှိရှိဖြစ်လာပါမည်။

ငင်းအပြင် စက်ကြီးလေးပါးနှင့်လည်း တွေ့ကြုံရသည့်အချိန် အခါဖြစ်ပေသည်၊ မိမိတို့ရှေးကဆည်းပူးခဲ့တဲ့ ပါရမီထူး ကံ ထူးရင့်သန်လာသည့်အလျောက် အဇ္ဈတ္တိကသန္တာန်မှာ အမှန်ရှိ တဲ့ ရုပ်နာမ်တရားတွေကို မြင်အောင် အားထုတ်နိုင်တာဟာ၊ ပုဗ္ဗေစကတပုညတာစက်နှင့် ပြည့်စုံတယ်လို့ ဆိုပေသည်။ ပဋိရူပ ဒေသာဝါသစက်ဆိုတာ ဟုတ်တိုင်းမှန်စွာ ရုပ်ဓာတ်နာမ်ဓာတ် တရားတွေကို တကယ်တမ်းအသိဉာဏ်နှင့် အားထုတ်နိုင်တဲ့ နေ ရာဌာနမျိုးကို နေရခြင်းရောက်ရခြင်းကို ဆိုပါသည်။ သပ္ပုရိ သူပ နိဿယစက် ဆိုတာ ဟုတ်တိုင်းမှန်စွာခန္ဓာအာယတနဓာတ် တရားတို့နှင့် စပ်ပြီး ရုပ်နာမ်တရားတွေကို မသိ သိအောင်နား မလည်ရင် နားလည်အောင် အမိပ္ပါယ်သဘောတရားတွေကိုကျန စွာမြင်အောင်ပြနိုင်တဲ့ ဆရာကောင်းကို မှီရမှုကိုဆိုပါသည်။

အတ္တသမာပဏီဓိစက်ဆိုတာ ခန္ဓာကိုယ်အတွင်းမှာ အမှန်တ ကယ်ရှိတဲ့ ရုပ်နာမ် ဓာတ်ပရမတ်တရားတွေကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်တွေ့ ကိုယ်တိုင်ရှာပြီး၊ ကိုယ်တိုင်အားထုတ်မှု၌ မြတ် နိုးနေခြင်းကိုဆိုပါသည်။ အဲဒီစက်လေးပါးနှင့် ငါတို့ကြုံတွေ့ နေရပါသဖြင့် ပြည့်စုံသထက်ပြည့်စုံလာအောင် ကျိုးစားနေရ

ပါမည်။ နောက်ဆုံး အတ္တသမာ့ ပဏ္ဍိဝိစက်နှင့် ပြည့်စုံရန် မိမိ၏ ကိုယ်နှုတ်စိတ်သုံးပါးကို ကောင်းစွာ ဆောက်တည်မှုအသိဉာဏ် ရရှိမှု ဝိပဿနာတရားကို နေ့စဉ်မယုတ် အားထုတ်ရှုမှတ်နေရ မည်။ သတိပြုပါ။

## ကိုယ်တွေ့ဉာဏ်မြင်အဋ္ဌတ္တဘူတရုပ်ရှုနည်း

ဤနည်းမှာ မိမိခန္ဓာကိုယ်၌ရှိသော ရုပ်နှင့်နာမ်ကိုရှာ၍ရှုနည်း ဖြစ်သည်။ ရုပ်နှင့်နာမ်တွင်လည်း၊ ရုပ်သည် နာမ်ထက်ပိုမို၍ လွယ်ကူထင်ရှားလျှင်မြန်စွာ တွေ့နိုင်သောကြောင့်၊ ရုပ်ကိုဦးစွာ ရှာဖွေ၍ ရှုရမည်။ ရုပ်အပေါင်းတို့တွင်လည်း အလွယ်ဆုံးနှင့် အထင်ရှားဆုံး တွေ့နိုင်သောရုပ်မှာ ကိုယ်ခန္ဓာတခုလုံး၌ အမာခံ မဟာဘုတ်ရုပ်ဖြစ်သည်။ထိုမဟာဘုတ်ရုပ်ကိုပင်၊ ပထဝီ၊တေဇော ဝါယော အာပေါဟူသော ဓာတ်ကြီးလေးပါးဟု ခေါ်သည်။ ထိုဓာတ်လေးပါးမှာ အဝိနိဗ္ဘောဂရုပ်များဖြစ်၍ တမျိုးနှင့်တမျိုး တခြားစီခွဲထား၍မရ၊ တပါးဖြစ်လျှင် လေးပါးစလုံးတပေါင်း တည်းပါရ၍၊ တပါတည်းပျက်ရ၏။

အတ္တနော သဘာဝံ ဓာရေတီတိဓာတု၊ ဟူသည်နှင့်အညီ၊ မိမိ တို့၏ သဘောသတ္တိကိုတော့ ဆိုင်ရာအသီးသီးရှိတတ်သည်။ ပြ တတ်သည်ချည်းပင်ဖြစ်သည်။ ထိုဓာတ်လေးပါးတို့၏ သဘော လက္ခဏာမှာ ရှေးကရေးပြခဲ့သည့်အတိုင်းဖြစ်၍၊ နုံ့လွန်းသော ဓာတ်၏ သတ္တိမှာ မထင်ရှားဘဲ၊ ထက်လွန်းသော ဓာတ်၏ သတ္တိ မှာပိုမိုထင်ရှားတတ်ပါသည်။။

ဥပမာ-ရေ-အချို-အချဉ်-အငံ၊ ဤလေးပါးစပ်သားသောအ အဖျော်ရည်နှင့်တူ၏။ ထိုအဖျော်ယမကာ၌ ပိုကဲသောအရသာ

သည်၊ ပေါ်လွင်ထင်ရှား၍ နည်းသောအရသာမှာ မထင်ရှား ဘဲနေတတ်သည်။ သို့ပေမဲ့လေးပါးစလုံးသော အရသာသည်၊ တခြားစီခွဲထုတ်၍ မရသကဲ့သို့ဖြစ်သည်။ ဤဥပမာအတိုင်းပင် မဟာဘုတ် ရုပ်ဓာတ်တို့ကို တွေ့မြင်သိရှိအောင် ခန္ဓာကိုယ်တွင်း သတိကပ်ပြီး ရှုမှတ်နေရမည်။ မဟာဘုတ်ဓာတ်ဆိုတာ ကာယ ဒွါရ ပေါက်ကိုဖွင့်လျက် ရှုရသော ဓာတ်မျိုးဖြစ်သဖြင့် မျက်စိ စသည်ဖြင့် မြင်အပ်သောဓာတ်မျိုးမဟုတ် ကိုယ်ဖြင့်သာ သိအပ် သောတရားမျိုးဖြစ်သည်ကို သတိကြပ်ကြပ်ပြုပါ။

ထိုကြောင့်သံယုတ်ပါဠိတော်၌၊

ကာယဥ္စပဋိစ္စ ဖောဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ ကာယဥ္စ၊ ကိုယ်အကြည်ဓာတ်ကိုရင်း၊ ဖောဋ္ဌဗ္ဗေစ၊ အတွေ့ ဖောဋ္ဌဗ္ဗဓာတ်ကိုရင်း၊ ပဋိစ္စ၊ နှစ်ပါးစုံ ကိုစွဲ၍၊ ကာယဝိညာဏံ၊ ကိုယ်၌ ဖြစ်သော အသိစိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ ထိုကာယ၊ ဖောဋ္ဌဗ္ဗ ကာယဝိညာဏ်စိတ် သုံးပါးတို့၏၊ သင်္ဂတိ၊ ပေါင်းဆုံမှု သည်၊ ဖဿော၊ ဖဿမည်၏ဟူ၍ ဘုရားရှင် ဟောတော်မူပေ သည်။

ဤပါဠိတော်နှင့်အညီ၊ ကာယဒွာရပေါက်ကိုဖွင့်၍၊ ဓာတ် လေးပါးတို့ကို တွေ့အောင်ရှာ၍ ရှုရမည်ဖြစ်သည်၊ မဟာဘုတ် ဓာတ်တို့ကိုလည်း၊ ကာယသမ္မဿဖြစ်မှတွေ့နိုင်၏။ ကိုယ်ဖြင့်တွေ့ ထိသိမှုခေါ်သောကာယသမ္ဖဿသည်လည်း၊ကိုယ်တွင်ထိမှတွေ့ နိုင်သည်၊ ကိုယ်တွင်ထိသောဓာတ်ကို ဖောဋ္ဌဗ္ဗဓာတ်ဟုခေါ်သည်၊ ၎င်းမှာ အတွင်းဖောဋ္ဌဗ္ဗ၊ အပြင်ဖောဋ္ဌဗ္ဗဟူ၍ နှစ်မျိုးရှိသည်၊

အပြင်ဖောဋ္ဌဗ္ဗမှာ အပြင်မှာရှိသောဓာတ်များနှင့် ကိုယ်နှင့်တွေ့ထိမှုကိုခေါ်သည်။ အတွင်းဖောဋ္ဌဗ္ဗမှာ ကိုယ်တွင်း မဟာဘုတ်ရုပ်ကလာပ်တို့၏၊ ရုပ္ပတိတိရုပ် ဟူသည်နှင့်အညီ ဖြစ်-ပျက်ဖောက်ပြန်မှုကြောင့်၊ အလိုလို ထိမှု ဖြစ်ပေါ်ခြင်းကို ခေါ်သည်၊ ဤအဇ္ဈတ္တဘူတရုပ် ရှုနည်း၊ ဝိပဿနာတရား အားထုတ်ရာတွင်၊ အတွင်းဖောဋ္ဌဗ္ဗဟူသော ကာယသမ္ဖဿခေါ်သည့် ကိုယ်အတွင်းတွေ့ရသော ဓာတ်ကိုရှာ၍ ရှုနေရခြင်းဖြစ်သည်။ ကိုယ်အတွင်း၌အမှန်တကယ်ရှိသော ဓာတ်လေးပါးတရားကို ပညာသိ,ဉာဏ်လှကိုယ်တွေ့သိရအောင် ပညာရှိများတို့၏ကြည့်နည်းမျိုးဖြင့်ကြည့်ရှုပွားများရမည်၊ ဤနည်းဖြင့် ဘုရားရှင်သည်၊ သားချစ်ရဟုလာစသည်တို့ကို ဟောကြားဖော်ပြတရားထူးကို ရစေတော်မူပေပြီ။

အဇ္ဈတ္တဘူတရုပ်ရှုနည်းအရ ခန္ဓာကိုယ် တနေရာရာ၌ မိမိအသိဉာဏ် ငုံနိုင်သလောက်ကွက်၍ ကွက်၍သတိရှေးရှု သမာဓိစိတ်ဖြင့်စူးစူးစိုက်စိုက်ရှုရမည်၊ ခန္ဓာကိုယ်အတွင်း ငယ်ထိပ် နဖူး ရင်ဝ ဤသုံးဌာနသည် ဓာတ်တရားများတွေ့လွယ်သော နေရာဖြစ်သည်၊ ထိုသုံးနေရာအနက် တနေရာရာတွင် စိတ်ကိုထား၍ နာရီဝက်၊ ၁-နာရီ၊ ၂-နာရီ တဆက်တည်း တည်ငြိမ်စွာရှုနေလျှင် သမာဓိတည်လာသောအခါ ဘူတရုပ်ဓာတ်တို့သည် အကြောင်း အားလျော်စွာ နူးညံ့ကြမ်းတမ်းမှု ပူမှု အေးမှု လေးလံထိုင်းမှိုင်းမှု စိုးစိုးစစ်စစ် ရွရွမွမွ ဖြိုးဖြိုးဖျင်းဖျင်း ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်လှုပ်လှုပ် ဆက်ခါဆက်ခါ စသော မျိုးစုံအောင်မရေမတွက်နိုင် ခန္ဓာကိုယ်တွင်းမှာ တွေ့ထိမှု ထိခိုက်မှု အဖြာဖြာတို့သည် မခံသာ ခံသာလိုရာမရ ပေါ်ချင်သလိုပေါ်လာတာကို,ကိုယ်တွေ့ဉာဏ်မြင်ပေါ်

လှုင်ထင်ရှားနေတတ်ပါသည်။ ထိခိုက်မှုအတွေ့သဘောကို ဘူတ ရုပ်ဓာတ်လေးပါး စသည်ဖြင့် ခေါ်ကြ၏၊ တွေ့ထိတဲ့သဘောကို ပရမတ်လို ရုပ်ဟုခေါ်သည်၊ ဘာရုပ်တွေဘဲ စသည်အမည်နာမ မခွဲဝေနေရ ဖောက်ပြန်ဖြစ်ပျက်နေတဲ့ ရုပ်သဘောလောက်သာ ရှုမှတ်နေပါ။ သိနေတဲ့သဘောတရားကို နာမ်ဟုခေါ်သည်၊ ထို တွေ့ထိမှု ဖြစ်ပေါ်သမျှသည် ဘူတရုပ် မဟာဘုတ်ဓာတ်လေး ပါးဟူသော ပရမတ်ရုပ် တရားများသာ ဖြစ်သောကြောင့် တ ကြောင်း၊ ဝိပဿနာဆိုတာ ပရမတ်ရုပ်တရားတို့၏ သဘာဝလက္ခ ဏာ၊ အနိစ္စလက္ခဏာ၊ စသည်တို့ကိုထင်ရှားသည်ထက်ထင်ရှားလာ အောင် ကြိမ်ဖန်ထပ်ထပ် ဆက်ခါဆက်ခါ ရှုမှတ်နေရသောအ လုပ်ဖြစ်သောကြောင့်တကြောင်း၊ ထိုတွေ့ထိမှုသဘောတွေဘယ် လိုဘဲပေါ်ပေါ် ပေါ်လာသမျှကို မျက်ခြေအပြတ်မခံ စွဲမြဲကြာ ရှည်စွာ ဖြစ်ပျက်အနေအားဖြင့် ရှု၍နေရမည်။ ရှုဘန်များ၍ သ မာဓိအားကောင်းလာသည့်အခါ ရှုလေတွေ့လေ ကြာလေများ လေ များများတွေ့လေဉာဏ်ရှင်းလေဉာဏ်ရှင်းလေ ဝိပဿနာကို ယုံကြည်လေ အားထုတ်ချင်တဲ့စိတ်၊ ထက်သန်လေ၊ ဖြစ်လာတော့ မည်။

ဤသို့ရှုပါများသော် မိမိစိတ် စိုက်ထားသောနေရာတွင်မက တစတစနှင့်တကိုယ်လုံးတွင်အပ်ချစရာနေရာမလပ်အောင်ဖောဋ္ဌဗ္ဗ ဓာတ် အတွေ့အထိတို့သည်ထင်ရှားစွာရှိ၍နေသည်ကို သိ၍လာရ လတံ့ ထိုအခါ ခန္ဓာကိုယ်အတွင်း၌ ရေပွက်ကလေးတွေ ဆူပွက် နေသကဲ့သို့ရှင်း၊ ဘိလပ်ရေပုလင်း နှောက်၍ အမြှုပ်ထနေသကဲ့ သို့ရှင်း၊ အခိုးအငွေ့တွေ တိုးဝှေ့၍နေသကဲ့သို့ရှင်း၊ အပူဓာတ်

တွေလောင်မြိုက်၍နေသကဲ့သို့ရင်း၊ ဖျားနာခံခက်သော ဝေဒနာကဲ့သို့ရင်း၊ ဆောင်းဥတုအချိန် နှင်းဖွဲကလေးများ ကျနေဘိသကဲ့သို့ရင်း တံလျှပ်ကဲ့သို့ တရိပ်ရိပ်နှင့်ပြေးနေသကဲ့သို့ရင်း၊ အမျိုးစုံအောင် သက်သက်သာသာက တမျိုး ပြင်းပြင်း ထန်ထန်ကတဖုံသဘာဝအလျောက် တွေ့သင့်သလိုတွေ့၍ သိ၍ရှင်းလင်းစွာမြင်သိနေရပါသည်။ ဘယ်လိုဘဲတွေ့တွေ့ တွေ့ရတာတွေဟာ ခံတ်လေးပါးတို့၏ ဖောက်ပြန်ဖြစ်ပျက်မှုသာဖြစ်သဖြင့် ပရမတ် အစစ်ရုပ်တရားတွေသာဖြစ်သည်။ ဤခန္ဓာကိုယ်ကြီးမှာ မျက်တောင်တချက်ခတ်လျှင် လျှပ်တပြက်မျှ အသစ်အသစ်ဖြစ်ပေါ်ခြင်းမှကင်းသော အကွက်မရှိ ဖြစ်ပေါ်ရာတိုင်း၌ အဟောင်း။ အဟောင်းကွယ်ပျောက် ပျက်ဆုံးခြင်းမှ ကင်းသောအကွက်လည်းမရှိ ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကြီးအတွင်း၌ ဆူတက် ဖြစ်ပေါ်မှုနှင့် ပျက်ကွက်မှုထွေးယှက်၍ နေကြကုန်သော ရေပွက်စုတွေကဲ့သို့ တကိုယ်လုံးဓာတ်မီး ဓာတ်ဆီတို့အတွက် ဖြစ်ပျက်မှုတွေ ပွက်ပွက်ဆူနေကြပုံတွေကို တွေ့ကြုံ သိရှိ လိမ့်မည်။ တ ကိုယ် လုံး နှံ့ စပ်အောင်ကြည့်လေ ပျက်ဆုံးသမျှနေရာမှာလည်း အစားစိုက်ထားသောအားဖြင့် အပြည့်အပြည့်ဖြစ်ပေါ်လာရ၏။ ဤသို့လျှင် တခဏအတွင်းမှာပင် ဖြစ်မှုပျက်မှု အဆက်အဆက် ရာထောင်သောင်းသိန်း မက ပြောင်းလဲနေသည်။ ထိုမျှဖြစ်မှုပျက်မှု အဇ္ဈတ္တဓာတ်ရုပ်အစုကို မျက်စိဖြင့်ကြည့်၍ မြင်နိုင်ကောင်းသည်ဟုတ် လှုပ်လှုပ်ရွရွ ရှိန်ရှိန်သုတ်သုတ် တ မု ဟုတ် ခြင်း တွေ့ သ မျှ သည် အဟောင်းပျက်မှု အသစ်ပေါ်မှုချည်းသာဖြစ်သည်ကို သတိကြပ်ကြပ်ပြုပါ။

ထိုကဲ့သို့ လှုပ်လှုပ်ရှရှ ဖြစ်ကြပျက်ကြအမှုတွေကို သုတ္တန်ဒေသနာ အဘိဓမ္မာ ဒေသနာတို့၌ နိရောဓ၊ ဘင်္ဂ၊ ခယ၊ အတ္တ၊ မရဏ၊ အနိစ္စဟူ၍ ဟောတော်မူသည်၊ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခမျက်မှောက် တွေ့မြင် သိ ရှိအောင် ရှုကြရကုန်သည်။ ထိုအမှုကိုမြင်သောဥာဏ်သည် အနိစ္စ ဝိဇ္ဇာဥာဏ်ဟု ခေါ်သည်။

ဖေဏပိဏ္ဍူပမံ ရူပံ ဟူသော ဘုရားဟောတော်မူသည်နှင့်အညီ ဤရုပ်ကောင်ကြီးသည် အထက်ဖော်ပြခဲ့သော ရေမြှုပ် ရေစိုင်ခဲကြီးနှင့် တထပ်တည်းတူလှ၏။ တကိုယ်လုံးရှိ ခက်မာမှုဟူသော မြေဓာတ်ကြီးနှင့် ဖွဲ့စည်းမှုဟူသော ရေဓာတ်ကြီး၊ပူမှုနွေးမှု အေးမှုဟူသော မီးဓာတ်ကြီး၊ တောင့်တင်းမှုဟူသော လေဓာတ်ကြီး ဤဓာတ်ကြီးလေးပါးတို့၏ ရိပ်ရိပ်ရှရှနှင့် ချုပ်ဆုံးကုန်ခန်းချက်တို့ကို မျက်ဝါးထင်ထင်မြင်ရသကဲ့သို့ ဥာဏ်၌သက်ဝင်လတံ့။ ဤသို့သောအချက်တို့ကို ဆိုက်မှ ဒိဋ္ဌ ဟိတ် တိ ဟိတ် နှစ် ပါးကွဲ ပြားသည်။ ဒိဋ္ဌဟိတ်မှန်လျှင် တွေ့အောင် မြင်အောင် မရှုနိုင်, တိဟိတ်မှန်မှ အတတ်တွေ့အောင်မြင်အောင် သိအောင်ကြည့်ရှုနိုင်သည် ရိပ်ရိပ်နှင့်ဖြစ်ပွားမှု ဥဒယသဘော ရိပ်ရိပ်နှင့်ဆုတ်ယုတ်ကုန်ခမ်းမှု ဝသယဘောတို့ကို တကယ်မြင်လျှင် တိဟိတ်အစစ်ဖြစ်သည်ဟု ဆိုသည်။

ခန္ဓာကိုယ်ကြီး၌ အမျိုးစုံအောင် ဖောက်ပြန် ဖြစ်ပျက်နေမှုသည်၊ပရမတ်ရုပ်စစ်ဓာတ်အနှစ်ဖြစ်သည်၊ထိုဖောက်ပြန်မှုကြောင့် ခံစားမှုသဘောသည် ဝေဒနာအစုဖြစ်၏။ မှတ်သားမှုသဘော

သည် သညာအစုဖြစ်၏၊ အားထုတ်ကြိုးစားစေတနာတရားသည် သင်္ခါရအစုဖြစ်၏။ သိမှုသည် ဝိညာဉ်စိတ်စုဖြစ်၏။ ဤသို့လျှင် ခန္ဓာကိုယ်၌ တွေ့ထိမှုတခုပေါ်တိုင်း ခန္ဓာငါးပါးတို့သည် တပြိုင်နက်ဖြစ်ကြရကုန်၏။ တွေ့ထိမှုပျောက်သွားလျှင်လည်း ခန္ဓာငါးပါးစလုံး တကြိမ်အနိစ္စရောက်သွားသည်မည်၏။ သို့ဖြစ်၍ မျက်စိတမှိတ်အတွင်း ခန္ဓာငါးပါး အပေါင်းသည် မရေမတွက်နိုင်အောင် ပေါ်လိုက်ပျောက်လိုက်နှင့် နေတာကိုသိရ၏။ ဤသို့သိရတာကို ဥဒယဗ္ဗယဉာဏ်ဟုခေါ်သည်၊ ထိုထက်ပွားများကြာလာသည်ရှိသော်၊ မိမိဇွဲသတ္တိကောင်းသလောက် အထက်ဉာဏ်များသို့တက်သွား၍ တရှိန်တည်းနှင့်လည်း မဂ်ဖိုလ်ဆိုက်နိုင်သည်၊ ရက်-လ-နှစ် စသည်လည်းကြာတတ်ပါသည်။ ဇွဲရှိရှိနှင့်အားထုတ်နိုင်မှု၏ အပေါ်တွင်သာတည်၏။ ဥဒယဗ္ဗယဉာဏ်ကိုသိကတည်းက၊ တိဟိတ်ပုဂ္ဂိုလ်အမှန်။ ပါရမီရှေးကရှိသည်ဆိုတာ စိတ်ချရတော့သည်။ လုံ့လဝီရိယရှိဘို့ရန်သာတရားအားထုတ်သူ ယောဂီတာဝန်သာဖြစ်၍ တရားထူးတရားမြတ်ကို ဆိုက်ရောက်ဘို့ရန် အရေးသည် မမေ့ရ တာဝန်ဖြစ်သည်။

ခန္ဓာကိုယ်တွင်း သမာဓိ သွင်းနိုင်အောင် သတိဆောင်၍ အဇ္ဈတ္တရုပ်ဓာတ်လေးပါးကိုသာ ပဓာနထားပြီး၊ မပြတ်မလပ် အထပ်ထပ်ရှုပွားနေပါလျှင်၊ တကြိမ်ထက်တကြိမ် တနေ့ထက်တနေ့ဉာဏ်ခြေတွေရင့်လာပြီး၊ ရုပ်နာမ်တို့၏ အနိစ္စသဘောစသည်ကို မြင်ရမည်ဟု လယ်တီဆရာတော် ဒီပနီအစောင်စောင်မှရေးခဲ့သည်။

ယုံယုံကြည်ကြည်နှင့် ဆက်လက်ပြီး ဝိရိယ သတိ သမာဓိ ပညာ ညဏ်ထက်သန်၍၊ ဗလဒြေတရား ၅-ပါးနှင့် ပြည့်စုံညီညွတ်လာသည့်အခါ၊ ဘုရားရှင်ဟောကြားတော်မူခဲ့သည့်အတိုင်း၊ ရေပွက်ပမာ၊ တံလျှပ်ပမာ၊ ခန္ဓာကိုယ်၌ ရုပ်ဓာတ်သဘာဝ၊ ဖောက်ပြန်ဖြစ်ပျက်နေမှုကိုရင်း၊ ရေမြှုပ် ရေစိုင်ခဲပမာ၊ တစိစိဖြစ်ပျက်နေမှုကိုရင်း၊ ခန္ဓာကိုယ်တကိုယ်လုံး၌၊ ရေနွေးအိုးများဆူတက်နေသလို ပူမှု မှေုလှုပ်ရှမှု၊ ယားယံမှု၊ ပရွက်ဆိပ်အုံများ ဒုတ်နှင့်ထိုးမိ၍ တရွရွတက်လာသလို၊ မျက်နှာပေါ်တွင်၊ ပိုးကောင်လေးများ ရှောက်သွားနေသလိုလိုစသည်ဖြင့် အမျိုးမျိုးအဖုံဖုံတွေ့ဆုံသိမြင် ဉာဏ်စဉ်ထင်ရှားလာပါလိမ့်မည်။

ဘယ်လိုဘဲတွေ့တွေ့၊ မလှုပ်မရှားဘဲ သတိ ရှေထား၍ ဖြစ်ပြီးလျှင်ပျက်၊ ပေါ်ပြီးလျှင်ပျောက်၊ သိပျက်သိပျက်ဟု သဘောထားရှုမှတ်နေပါများသောအခါ၊ ရုပ်တရားတို့၏ မမြဲတဲ့အနိစ္စသဘော၊ ဆင်းရဲတဲ့ဒုက္ခသဘော၊ အစိုးမရ၊ အတ္တမဟုတ်၊ အနတ္တသဘောတွေ၊ တဖြေးဖြေးထင်မြင်လာပါမည်။

ဤသို့ ဖြစ်ပျက်လက္ခဏာသဘောတွေ ထင်လာမှသာ ငါ၊ ငါ့ဥစ္စာ၊ ငါ့ကိုယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိအစွဲတွေကင်းပျောက် အနတ္တသဘောပေါက်နိုင်မည်။ သက္ကာယဒိဋ္ဌိ အစွဲတွေ မကင်းနိုင်သမျှ အပါယ်သံသရာမှ လွတ်နိုင်မည်မဟုတ်ပါ သို့ကြောင့် ဘုရားရှင်သည် ရင်ဝလှုန်စူး၊ ထိပ်ဦးမီးလောင်သည့်အခါလျှင်လျှင်မြန်မြန် ပယ်နုတ် ငြိမ်းသတ်လေသကဲ့သို့ မိမိခန္ဓာကိုယ်၌ စွဲလမ်းမှားနေသော ဒိဋ္ဌိကိုအမြန်ဖြုတ်နိုင်အောင် သတ်ဆောင်၍ ရုပ်ဓာတ်

တရားဖြစ်ပျက်မှုမြင်အောင် အားထုတ်ရှုမှတ်ပါဟု မိန့်တော်မူပေသည်။

ဆိုခဲ့ပြီးသောနည်းအတိုင်း ခန္ဓာကိုယ်အတွင်း ဘူတရုပ်တို့၏ ဖောက်ပြန်ဖြစ်ပျက်နေမှုကို ဖြစ်ပျက်ဖြစ်ပျက်အနေဖြင့် သတိကပ်ရှုမှတ်နေရုံသာ မိမိတာဝန်ဖြစ်သည်။ တရားပြီးမြောက် လိုရာရောက်ဘို့ရန်မှာ တရားတာဝန်သာဖြစ်ပေသည်။ ဤသို့ရှုမှတ်နေခြင်းသည် သတိပဋ္ဌာန်လေးပါးတို့တွင် ကာယာ နုပဿနာ သတိ ပဋ္ဌာန်ဟုခေါ်ပေသည်။

၎င်းပြင် ခန္ဓာကိုယ်တွင်း၌ ရုပ်တို့၏ ဖောက်ပြန်မှုကို ခံစားနေသော ဝေဒနာတရားများလည်း ထင်ရှားစွာပေါ်လာပေမည်။ ပေါ်လာသော ထုံကျင်ကိုက်ခဲ တောင့်တင်း အောက်အီးမှုစသော ဝေဒနာနာမ်တို့ကိုလည်း ဖြစ်ပျက်အနေအားဖြင့် ရှုမှတ်ရပေမည်။ ခံစားမှုဝေဒနာကို ရှုမှတ်နေခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဟုခေါ်သည်။ ရှုမှတ်သိနေသောစိတ် အစဉ်သည်လည်း ရှေ့စိတ်အစဉ်ပျောက် နောက်စိတ်အစဉ်ရောက်မှုကို ရှုနေလျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ဟုခေါ်ရပြန်သည်။ ဖောက်ပြန်ဖြစ်ပျက်နေသော ရုပ်နာမ် သဘောတရား တွေကို ရောနှော မှတ်သားရှုပွားနေမှုသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်ရပေသည် ဤမျှလောက် သုတမယဉာဏ်ပြည့်စုံနေလျှင် ဝိပဿနာတရားရှုပွားရာ၌၊ အခြေခံတရား ပြည့်စုံလုံလောက်ပေပြီ ဒေသနာအစဉ်အတိုင်း ဆက်လက် ဖော်ပြနေလျှင် ဆုံးနိုင်တော့မည် မဟုတ်ပေ။ တစိတ်တဒေသ သဘောတရားကို ပိုင်ပိုင် နိုင်နိုင် ရှုပွါးသုံးသပ်နေလျှင် ပါရမီအလျောက် ကိစ္စပြီးမြောက်နိုင်သည်။

မူလပဏ္ဏာသအဋ္ဌကထာတွင်

သာဝကာဟိ စတုန္နံ ခါတုနံ ကေ ဒေသမေဝ၊သမ္မသိတွာ၊

နိဗ္ဗာနံ၊ ပါပုဏာတိ

ဟူ၍ ဟောတော်မူသည်။

ဟိ၊ ထိုစကားသည်မှန်ပေ၏။ သာဝကာ၊ အဂ္ဂသာဝက မဟာသာဝက၊ ပကတိသာဝက၊ သုံးမျိုးသော တပည့်အပေါင်း တို့သည်။စတုန္နံခါတုနံ၊ ခါတ်ကြီးလေးပါးတို့တွင်၊ကေဒေသမေဝ တစိတ်တဒေသ၊ ခါတ်တရားမျှကိုသာလျှင်။ သမ္မာသိတ္တွာ၊ ဖန်ခါ ထပ်ထပ်၊ မပြတ်သုံးသပ်၍။ နိဗ္ဗာနံ၊ ကိလေသာ ချုပ်ငြိမ်းရာ မှန် ပြည်နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ကေန်မလွဲ အမှန်ဘဲ ရောက် ရမည်တည်း။

ထိုပြင်တဝ အင်္ဂုတ္တရပါဠိတော်တွင် ဘုရားရှင်သည် ဧကော ခမ္မော ဘိက္ခဝေ ဘာဝိတော၊ ဗာဟုလီကတော၊ အဘိညာယ သမ္ဗောခါယ နိဗ္ဗာနာယ သံဝတ္တတိ ဟု ဟောတော်မူပြန်သည်။

ဘိက္ခဝေ၊ ကိလေသာရန် တွန်းလှန်ဖို့ငြား အိုချစ်သား ချစ် သမီးအပေါင်းတို့။ ဧကောခမ္မော၊ တပါးပါးသော ရုပ်တရား နာမ်တရား စရိုက်အားလျော်စွာ သဘောကျရာ တပါးပါးကို။ ဘာဝိတော၊ ဖန်ခါထပ်ထပ် ပွားများအပ်သည်ရှိသော် ဗဟုလီ ကတော၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော်။ အဘိညာ ယ၊ ဝိပဿနာပညာဖြင့် ရုပ်နာမ်တရားကိုသိခြင်းငှာ။ သမ္မောခ

